# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 2, 2019 Volume 19, Number 1


| ၂.၅.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၆၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇ ကျပ် |
| CBM Rate | = ၁၅၂၃.၀/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## G to G စနစ်ဖြင့် တရုတ်နိုင်ငံသို့ ဆန်၊ ပြောင်း၊ သကြား တရားဝင်တင်ပို့ရောင်းချနိုင်ရေး မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းက တောင်းဆို

နိုင်ငံတော်မှ အစိုးချင်းချိတ်ဆက်ဆောင်ရွက်သည့် (Government to Government) စနစ်ဖြင့် တရုတ်နိုင်ငံသို့ ဆန်၊ ပြောင်း၊ သကြား တရားဝင် တင်ပို့ရောင်းချနိုင်ရန်အတွက် ဖြေရှင်းဆောင်ရွက်ပေးရန် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းက နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြတောင်းဆိုထား သည်။

ပြီးခဲ့သည့်ဧပြီလ ၂၇ ရက် က (၂၆) ကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ကျင်းပသည့် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ လစဉ်ပုံမှန်အစည်းအဝေးတွင် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။ လက်ရှိ မူဆယ်နယ်စပ်ဒေသတွင် ဆန်၊ ပြောင်း၊ သကြားများကို ကုန်စည်ဒိုင်များဖြင့် ရောင်းချနေရကာ တရုတ်မှ ဝယ်ယူမှုမရှိသည့် အခါ မူဆယ်မြို့ရှိ ပစ္စည်းသိုလှောင်ရုံများတွင် ကုန်ပစ္စည်းများစွာ သိုလှောင်ထားရသဖြင့် သိုလှောင်ရုံ လုံလောက်မှုမရှိခြင်း၊ အချို့သိုလှောင်ရုံများကို ငှားရမ်း၍ သိုလှောင်ရသဖြင့် စရိတ်များပိုမိုကုန်ကျခြင်း၊ မိုးများသောဒေသဖြစ်သဖြင့် ကုန်ပစ္စည်းများ ပျက်စီးမှုဖြစ်ပေါ်နေခြင်းတို့နှင့် ရင်ဆိုင်နေရပါသဖြင့် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်စိုးကဆိုသည်။

တရုတ်အစိုးရသည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းမှ စတင်ကာ မူဆယ် နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ ဆန်၊ ပြောင်း၊ သကြားအပါအဝင် လယ်ယာထွက်ကုန်များတင်သွင်းမှု ကို တားဆီးထိန်းချုပ်ခဲ့သည်။ လက်ရှိမြန်မာနိုင်ငံဘက်က ဆန်နှင့်လယ်ယာထွက်ကုန်တချို့နှင့် ကျွဲ၊ နွားများကို တရားဝင် တင်ပို့လျက်ရှိသော်လည်း တရုတ်နိုင်ငံဘက်က တရားမဝင်ဟုသတ်မှတ်ထားပြီး ၎င်းတို့၏ တရားမဝင် ကုန်စည်ထိန်းချုပ်မှု မူဝါဒ အပြောင်းအလဲရှိချိန်တွင် ပြည်တွင်းကုန်စည်များသည် တရုတ်နယ်စပ်များတွင် ပိတ်မိနေကြောင်း လုပ်ငန်းရှင်များကဆိုသည်။ လတ်တလောတွင် တရုတ်-မြန်မာ နယ်စပ်မူဆယ်ကုန်သွယ်ရေးဇုန်များတွင် ဆန်တန်ချိန် တစ်သိန်းနီးပါးထိ ပိတ်မိလျက်ရှိပြီး ကျွဲနွားများကို တရုတ်ကုန်သည်များက ဈေးနှိမ်ဝယ်ယူခံနေရကြောင်း မူဆယ်ရှိကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=7996

## မြန်မာ့ PMI တစ်နှစ်အတွင်း အမြင့်ဆုံးရောက်လာ

မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း (PMI) မှာ ဧပြီလတွင် ပိုမိုတိုးတက်လာကာ ယခုနှစ်အတွင်း အမြင့်ဆုံးရောက်လာခဲ့သည်။ ဝယ်လိုအားရှိသော်လည်း ကုန်ကြမ်းရှားပါးမှုနှင့် သယ်ယူစရိတ်တို့ကြောင့် ထုတ်လုပ်မှုဈေးနှင့် ရောင်းဈေးကွာဟချက် ကြီးမားနေကြောင်း NIKKEI မှ ထုတ်ပြန်ချက်အရ သိရသည်။ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (PMI) တိုးတက်မှုမှာ ဧပြီလတွင် ၁၂ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး

လုပ်ငန်းရှင်များ၏ ယုံကြည်မှုမှာလည်း နှစ်နှစ်အတွင်း အကောင်းဆုံး ဖြစ်နေဆဲဟုဆိုသည်။

၂၀၁၉ ခုနှစ် ဧပြီလတွင် PMI အညွှန်းကိန်းမှာ (၅၃.၇) အထိ ရောက်ရှိခဲ့ပြီး ထုတ်လုပ်မှုနှင့် အော်ဒါအသစ်များ ရရှိလာမှုကြောင့်ဖြစ်ကာ လက်ကျန်ကုန်စည်များ ပိုမိုတင်ပိုလာရသလို ပိုမိုခိုင်မာသည့် ဝယ်လိုအား အခြေအနေများကြောင့် ထုတ်လုပ်မှုဈေးနှုန်းများနှင့် ရောင်းဈေးနှစ်ခုလုံး၏ ငွေကြေးဖောင်းပွမှုဖိအားမှာလည်း ပိုမို ပြင်းထန်လာသည်။ ဧပြီလတွင် ကုန်ထုတ်လုပ်မှုများ ဆက်တိုက်တိုးတက်လာခဲ့ပြီး ထုတ်လုပ်သူတို့က ကုန်ထုတ်လုပ်မှုကဏ္ဍ ဦးမော့လာမှုကို ပိုမိုအားကောင်းလာသည်ဟု မှတ်တမ်းတင်ထားကြကာ ဝယ်သူများဘက်မှ ဝယ်လိုအားတိုးတက်လာခြင်းနှင့် အော်ဒါအသစ်များ ဆက်တိုက်ရရှိလာခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။

ဈေးနှုန်းကဏ္ဍတွင် သွင်းအားစုများ၏ ဈေးနှုန်းဖောင်းပွမှုနှုန်းမှာ ကုန်ကြမ်းရှားပါးမှုနှင့် ပစ္စည်းပေးသွင်းသူတို့၏ စရိတ်စက မြင့်တက်လာခြင်းကြောင့် ကုန်ကျစရိတ်များမှာ စစ်တမ်းသမိုင်းတလျှောက် လျော့ကျလာနေသော်လည်း ၅ လအတွင်း အမြင့်ဆုံး ရောက်လာနေသည်ဟုဆိုသည်။ ကုန်စည်များ၏ ရောင်းဈေးမှာ သုံးလဆက်တိုက်မြင့်တက်လာခဲ့ပြီး စက်ရုံများမှ ချရောင်းသည့်ဈေးမှာ အနည်းငယ်သာ မြင့်တက်ခဲ့သော်လည်း ကုမ္ပဏီများ၏ မြင့်မားလာသည့် ကုန်ကျစရိတ်များကြောင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံး ဖြစ်လာခဲ့သည်။ လုပ်ငန်းသစ်များ ပိုမိုအားကောင်းလာခဲ့သော်လည်း အလုပ်နေရာသစ်ခန့်ထားမှုမှာ အားပျော့လာခဲ့ပြီး လုပ်ငန်းရှင်တို့မှ သွင်းအားစုဝယ်ယူမှုများ ပိုမိုတိုးမြင့်လာနေကြောင်း ဆိုသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020264

## သွင်းကုန်လူသုံးကုန်အချို့ ဈေးတက်လာ



ဒေါ်လာ ဈေးမြင့်တက်မှု တွေကြောင့် လက်ရှိ ဈေးကွက်အတွင်း ပြည်ပကတင်သွင်းတဲ့ ကုန်ဈေး နှုန်းတချို့ မြင့်မားနေပါတယ်။ ဈေးနှုန်းအတက် တွေရှိနေပြီး အရောင်းအဝယ် အခြေအနေကတော့ ပါးပါတယ်။ တချို့ရာသီနဲ့ ကိုက်ညီတဲ့ ပစ္စည်းလေးတွေက အရောင်းအဝယ် ရှိနေပါတယ်။ ကျောင်းသုံး စာရေးကိရိယာတွေဖြစ်တဲ့ စာအုပ်၊ ဘောလ်ပင်၊ ခဲတံဈေးနှုန်းတွေမှာ ပစ္စည်းတစ်ခုချင်းစီအလိုက် တစ်ဒါဇင်၊ တစ်ပါကင်ကျပ် ၅၀ ကနေ ၂၀၀ လောက်အထိ ဈေးတက်နေပါတယ်။

လက်ရှိမှာ ဗလာစာအုပ်၊ဘောလ်ပင် ၊ခဲတံတွေ ရောင်းကောင်းနေပြီး ဗလာစာအုပ်ဈေးနှုန်း မြင့်တက်နေပါ တယ်။ ဗလာစာအုပ်ဈေးနှုန်း ယခင်နှစ်တွေက စာမျက်နှာ ၈၀ ပြည့်ဆိုရင် ၂၀၀၀ ပတ်ချာလည်ရှိခဲ့ရာမှ ယခုနှစ်မှာ ဈေးနှုန်း ၂၀၀ လောက် ဈေးများနေပါတယ်။ သိန်းကမ္ဘာ စာရေးကိရိယာဆိုင်က မဇူလိုင်ဇင်က ကျောင်းကဖွင့်ဖို့ နီးပြီဆိုတော့ သင်္ကြန်ပြီးကတည်းက အရောင်းအဝယ်လိုက်လာတယ်၊ ဒါပေမဲ့ ပစ္စည်းတိုင်းလိုလို ဈေးတက်တယ်၊ ဈေးက အတက်ချည်းပဲ ပြန်ကျတယ်ဆိုတာမရှိဘူးလို့ ပြောပါတယ်။

သိန်းသိန်းကမ္ဘာ စာရေးကိရိယာဆိုရင် ပြည်တွင်းက ထုတ်လုပ်ထားတဲ့ပစ္စည်းတွေအပြင် ပြည်ပ တရုတ်၊ အိန္ဒိယက တင်သွင်းထားတဲ့ ပစ္စည်းတွေလည်းရှိပါတယ်။ စာရေးကိရိယာတွေမှာ ပြည်ပကတင်သွင်းတာတွေက ငွေဈေးအပေါ်မူတည်ပြီး ဈေးကွာခြားပါတယ်။အချိုမှုန့်ဈေး အချိုမှုန့်ဈေးကွက်မှာဆိုရင်လည်း ယိုးဒယားဘက်က တင်သွင်းတဲ့ အချိုမှုန့်ဈေးတွေ ဈေးအနည်းငယ်တက်နေပါတယ်။ ငွေဈေးပေါ် မူတည်ပြီးဈေးနှုန်း အပြောင်းအလဲရှိကာ လက်ရှိမှာ ၅၅ ကျပ်လောက်အထိ ဈေးတက်နေပါတယ်။

ဒီရက်ပိုင်း အရောင်းအဝယ်ပါးနေတယ်၊ ဒါပေမဲ့ ပြည်ပကတင်သွင်းတဲ့ ကုန်ဈေးက ငွေဈေးတွေကြောင့် ဈေးတက်နေတယ်လို့ Crown အချိုမှုန့်အရောင်းဆိုင်မှ ကိုကျော်လင်းထွန်းက ပြောပါတယ်။ သူတို့ဆိုင်အတွင်းမှာ ပြည်တွင်းထုတ်အချိုမှုန့်၊ ပြည်ပကတင်သွင်းတဲ့ အ ချိုမှုန့်နှစ်မျိုးလုံးရောင်းချပါတယ်လို့ ညောင်ပင်လေးဈေး Crown အချို မှုန့်အရောင်းဆိုင်က သိရပါတယ်။ လက်ရှိဈေးကွက်အတွင်းမှာ မြေပဲဆန်ဈေးနှုန်း မြင့်တက်မှုတွေကြောင့် မြေပဲဆီဈေးနှုန်းတွေကလည်း အနည်းငယ်မြင့်တက်နေပါတယ်။

သင်္ကြန်ပြီး အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းမှာ ယခင်တစ်ပိဿာကို ကျပ် ၆၀၀၀ ကနေ ၆၄၀၀ အထိ မြင့်တက်ခဲ့ပါတယ်၊ အဓိကကတော့ မြေပဲဆန် မြင့်မားမှုတွေကြောင့်ပေါ့လို့ ဦးရဲနိုင်က ပြောပါတယ်။ ပဲဆီဈေးနှုန်းမှာ မြင့်တက်မှု

ရှိပေမဲ့ စားသုံးဆီဈေးနှုန်းကတော့ ယခင် ၁၅၈၀ ၊ ၁၅၉၀ ကနေ ၁၅၆၀ လောက် ကျဆင်းသွား ပါတယ်။

**Source:** https://www.kumudranews.com/news-33224

## အိန္ဒိယ-မြန်မာနယ်စပ် ရိဒ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အိန္ဒိယနိုင်ငံဘက်မှ ယာဉ်ဝင်ထွက်မှုပိတ်ထား၍ ကုန်စည်စီးဆင်းမှုရပ်ဆိုင်းနေ



အိန္ဒိယ-မြန်မာနယ်စပ် ရိဒ်နယ်စပ်တွင် အိန္ဒိယနိုင်ငံဘက်က ယာဉ်ဝင်ထွက်မှုပိတ်ထား၍ ကုန်စည်စီးဆင်းမှု ရပ်ဆိုင်းနေသည်ဟု ရိခေါ်ဒါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ပြောကြားသည်။ နယ်စပ်က မတ်လ ၂၇ စပြီးတော့ ကားအဝင်အထွက် မရတော့ဘူး ပိတ်ထားတယ်။ လူစီးကားတွေရော ပိတ်ထားတယ်။ ကုန်တွေကတော့ တွန်းလှည်းဆိုင်ကယ်ကို သွားမရဘူး။ ကုန်တွေပါပိတ်ထားတဲ့သဘော။ ဆိုင်ကယ်တို့ လူတို့လောက်ပဲသွားရတယ်။ ဘယ်နေ့ဘယ်အချိန်အထိ ပိတ်မယ်ဆိုတာတော့မသိရဘူး။ ရိဒ်ရေကန်ကို လာတဲ့သူတွေတော့ရှိပါတယ်။ လူတော့သွားလာလို့ရပါတယ်ဟု ရိခေါ်ဒါမြို့နယ်အုပ်ချုပ်ရေမှူး ဦးကျင်လမ်းခိုင်က ပြောကြားသည်။

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းနှင့် ဇိုခွားသာကျေးရွာရှိ အရပ်ဖက် အဖွဲ့အစည်းအကြား အငြင်းပွားမှု ဖြစ်ပွားခဲ့ပြီး ဇိုခွားသာကျေးရွာဖက်က မြန်မာနိုင်ငံဘက်မှ တင်ပို့သည့်ကုန်စည်များကို အိန္ဒိယနိုင်ငံဘက်သို့လည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ကုန်စည်များကို မြန်မာနိုင်ငံဘက်သို့လည်းကောင်း ဇိုးခွားသာကျေးရွာမှ မဝင်ရောက်ရောက်ရန် ပိတ်ပင်ထား၍ ကုန်စည်စီးဆင်းမှုရပ်ဆိုင်းနေသည်ဟုသိရသည်။

နယ်စပ်ပိတ်ထားတာ အိန္ဒိယဘက်က ပိတ်တာ လေးငါးရက်လောက်တော့ရှိပြီ။ ကွမ်းသီးတွေ သွားတာကတော့ ရပ်သွားတာပေ့ါ။ အနည်းအကျဉ်းတော့ သွားတာပေ့ါ။ သွားတော့ သွားတယ်ဆိုတာက ဂိုဒေါင်တွေ ဘာတွေ အဆင်သင့်ရှိတဲ့သူတွေက ဂျူတီဆောင်ပြီးတော့ နယ်စပ်ဂိုဒေါင်မှာ ချထားတာပေ့ါ။ အရင်ကထက် ပို့တာနည်းသွားတာပေ့ါ။ အရင်က တစ်ရက်ကို အိတ် ၃၀၀၀ ၊ ၄၀၀၀ လောက်သွားတာ အခုတော့ ၁၀၀၀ အိတ်လောက် သွားတော့တာပေ့ါ။ ဟိုဖက်ကလည်း အစိုးရက ပိတ်တာမဟုတ်ပါဘူး ။ ကားနှစ်စီး ပြဿနာဖြစ်တာပေ့ါ။ ကျန်ဖိုင်းကားအဖွဲ့နဲ့ ဇိုးခွားသာရွာကားအဖွဲ့တို့ ကုန်လုတာပေ့ါဗျာ။ အရပ်စကားတော့။ သူအရင်ရောက်တယ် ငါအရင်ရောက်တယ်။ သူ့အုပ်စု ကိုယ့်အုပ်စုနဲ့ ဖြစ်တာပေ့ါ။ ဘယ်သူက မှားတယ် မှန်တယ်ဆိုတာတော့ ဘယ်သိပ့ါမလဲ။ ချောင်းကိုတော့ ဖြတ်လို့ရတယ် ။ အတွင်းထဲကို သယ်လို့မရတော့ဘူးဆိုတော့ မပို့တော့ဘူးပေ့ါ။ မြေဆီလည်း မလာဘူး။ အခု လောလောဆယ်က ခရီးသည်တင်ကားက လွဲလို့ စားကုန် သောက်ကုန် ကားတောင် သွားမရတော့ဘူး ဟု ကွမ်းသီးတင်ပို့နေသည့် ကုန်သည်တစ်ဦးကဆိုသည်။

**Source:** https://news-eleven.com/article/95598

## အိန္ဒိယအဝယ်ရှိလာ၍ မတ်ပဲနှင့်ပဲစင်းငုံဈေး ပြန်တက်

အိန္ဒိယနိုင်ငံမှ ဝယ်လိုအားရှိလာခြင်းကြောင့် သင်္ကြန်အပြီး ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေး ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ တရားဝင်ပဲတင်သွင်းရန် သွင်းကုန်လိုင်စင်များ ချထားပေးခြင်း၊ ပဲလက်ကျန်နည်းခြင်းကြောင့် မတ်ပဲတစ်တန်လျှင် ကျပ်ခြောက်သောင်းကျော်၊ ပဲစင်းငုံတစ်တန်လျှင် ကျပ်တစ်သိန်းကျော် ဈေးမြင့်တက်လာသည်။ အိန္ဒိယမှာလည်း ပဲလိုအပ်ချက်ရှိနေတယ်ဟု ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယနိုင်ငံတွင်လည်း မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း

ဆက်လက်မြင့်တက်နေသည်ဟု ၎င်းကဆိုသည်။

သကြ်န်မတိုင်မီက မတ်ပဲတစ်တန်လျှင် ကျပ်ခုနစ်သိန်းခွဲဈေးရှိသော်လည်း ဧပြီလကုန်တွင် တစ်တန်လျှင် ကျပ်ရှစ်သိန်းတစ်သောင်းကျော်သို့ ဈေးပြန်တက်လာသည်။ ထို့အတူ ပဲစင်းငုံကလည်း ကျပ်ရှစ်သိန်းခန့်မှ ကိုးသိန်းခွဲသို့ ဈေးတက်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက ပြောသည်။ ယခုနှစ် မြန်မာနိုင်ငံမတ်ပဲ အထွက်နှုန်းက တန်ချိန်သုံးသိန်းခန့်သာရှိခြင်း၊ ပါကစ္စတန်ကဲ့သို့ အခြားနိုင်ငံများမှလည်း ပဲအဝယ်ရှိနေခြင်းကြောင့် ဈေးနှုန်း များစွာ မကျနိုင်ကြောင်း ၎င်းကပြောသည်။

အိန္ဒိယအစိုးရက ပြည်ပမှ မတ်ပဲတန်ချိန်တစ်သိန်းခွဲ၊ ပဲစင်းငုံတန်ချိန်နှစ်သိန်း တင်သွင်းမည်ဟု ကြေညာချက် ထုတ်ပြန်ပြီးနောက် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများ ပြန်လည်မြင့်တက်လာသည်။ ၂၀၁၈ နှစ်ကုန်ပိုင်းတွင်လည်း အိန္ဒိယ၌ မိုးရာသီတွင် စိုက်ပျိုးသော မတ်ပဲ၊ ပဲစင်းငုံအထွက်နည်းခြင်းကြောင့် အိန္ဒိယအစိုးရက အထူးလိုင်စင်ချထားပြီး မြန်မာနိုင်ငံအပါအဝင် ပြည်ပမှ ပဲထပ်မံတင်သွင်းရသည်။

**Source:** http://www.7daydaily.com/story/155089

## မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန်စီမံကိန်း စိတ်ဝင်စားမှုအဆိုပြုလွှာများ ခေါ်ယူမည်

မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းအကောင်အထည်ဖော်မည့် နယ်စပ်စီးပွားရေးဇုန် စီမံကိန်းများတွင် ပြည်တွင်း လုပ်ငန်းရှင်များပါဝင်နိုင်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာများ အမြန်ဆုံးခေါ်ယူရန် စီစဉ်နေကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက စီစဉ်နေသည်။

ရှမ်းပြည်မြောက်ပိုင်း နယ်စပ်ဒေသဖြစ်သော မူဆယ်တွင် စီးပွားရေးဇုန်စီမံကိန်းကို ဦးစွာအကောင်အထည်ဖော်ရန် စီစဉ်နေပြီး မေလကုန်ပိုင်း ညှိနှိုင်းအစည်းအဝေးပြီးလျှင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ စိတ်ဝင်စားမှုအဆိုပြုလွှာများ ခေါ်ယူနိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

နိုင်ငံတကာ တင်ဒါမခေါ်ဘဲ ပြည်တွင်းလုပ်ငန်းရှင်တွေကိုပဲ ခေါ်သွားဖို့စီစဉ်ထားပါတယ်ဟု ဦးခင်မောင်လွင်က ပြောကြားသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ကချင်ပြည်နယ် ကန်ပိုက်တီး၊ ရှမ်းပြည်မြောက်ပိုင်း မူဆယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ချင်းရွှေဟော်တွင် စီးပွားရေးဇုန်များတည်ထောင်ရန် စီစဉ်ထားသည်။ နယ်စပ်စီးပွားရေးဇုန်များ အကောင်အထည်ဖော်ခြင်းသည် နှစ်နိုင်ငံကုန်သွယ်မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်၍ လွတ်လပ်စွာ လုပ်ကိုင်ခွင့်များလည်းပါဝင်သည်။ ထို့အပြင် ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရောင်းချခွင့်၊ စက်မှုဇုန်များလည်းပါဝင်သည်။ ထို့အပြင် စီးပွားရေးဇုန်များ အကောင်အထည် ပေါ်လာလျှင် ပြီးခဲ့သည့်နှစ်များက ကြုံတွေ့ရသည့် တရုတ်နိုင်ငံအတွင်း မြန်မာနိုင်ငံမှ ကုန်သည်များ၏ ဘဏ်ငွေစာရင်း အပိတ်ခံရမှုများ ရှိနိုင်မည်မဟုတ်တော့ကြောင်း ဦးခင်မောင်လွင်ကပြောသည်။

**Source:** http://www.7daydaily.com/story/155085

## အမေရိကန်ကုမ္ပဏီကိုးခု မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လာရောက် ဆွေးနွေးနေပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၁၀၀၀ ခန့်အထိဖြစ်လာရန် အလားအလာကောင်းများရှိကြောင်းသိရ

အမေရိကန်ကုမ္ပဏီကိုးခုက မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ် ရန် လာရောက်ဆွေးနွေးလျက်ရှိပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၁၀၀၀ ခန့်အထိဖြစ်လာရန် အလားအလာကောင်းများ ရှိနေကြောင်း သိရသည်။



မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံအမတ်ကြီး H.E Mr. Scot Merciel ဦးဆောင်သော အမေရိကန်ကုမ္ပဏီကိုးခုမှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာလုပ်ငန်းရှင်များနှင့် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၃၀ ရက် ညနေက ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးသို့ သံအမတ်ကြီး H.E Mr. Scot Merciel နှင့်အတူ အမေရိကန်ကုမ္ပဏီများဖြစ်သော Chevron၊ Earth Networks၊ ITW Welding Singapore၊ Xylerm Water Solutions၊ Asro-physics၊ Visa Myanmar၊ Fedex GIS၊ Arizona Tools Company တို့မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ကုန်သည်စက်မှုအသင်းချုပ်က ကျင်းပပြုလုပ်တဲ့ စီးပွားရေးတွေ့ဆုံပွဲကနေ နှစ်နိုင်ငံလုပ်ငန်းရှင်များအတွက် အခွင့်အလမ်း တွေ ရရှိကြမှာဖြစ်ပါတယ်။ ယခုလာရောက်ကြတဲ့ ကိုယ်စားလှယ်များက မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် လာရောက်ခြင်း ဖြစ်ပြီး ယနေ့နံနက်ပိုင်းက သီလဝါစက်မှုဇုန်ကို သွားရောက်ခဲ့ကာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းများကို လေ့လာခဲ့ကြပါတယ်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံအမတ်ကြီး H.E Mr. Scot Merciel က ပြောကြားခဲ့သည်။

အမေရိကန်-မြန်မာ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ရာတွင် မြန်မာနိုင်ငံမှစွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေဆိုးရေညစ်သန့်စင်သည့်လုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ မီဒီယာလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ မော်တော်ကားလုပ်ငန်း၊ ဖိနပ်ထုတ်လုပ်သည့် လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းစသည့်လုပ်ငန်းကဏ္ဍ အသီးသီးမှ လုပ်ငန်းရှင်ပေါင်း ၄၀ ခန့်တက်ရောက်ခဲ့ပြီး အမေရိကန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အမေရိကန်က ကုမ္ပဏီကြီးတွေ အများကြီး ပါဝင်လာကြတယ်။ မြန်မာနိုင်ငံမှာ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ ဆွေးနွေးကြမယ်။ မြန်မာနိုင်ငံကို သူတို့ကလာရောက်ပြီး အခြေအနေအရပ်ရပ်ကို လာရောက်သုံးသပ်တာဖြစ်ပါတယ်။ ကုန်သွယ်မှုအတွက် ဒေါ်လာသန်း ၁၀၀၀ လောက်ဖြစ်လာဖို့အတွက် အလားအလာကောင်းတွေလည်း အများကြီး ရှိပါတယ်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုတွေ အများကြီးဖြစ်လာတယ်။ တခြားနိုင်ငံတွေကို နီးစပ်ဖို့ဆိုတာ အခုလို ကုမ္ပဏီအကြီးကြီးတွေက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှုအပေါ် မူတည်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အများကြီး အကျိုးရှိပါတယ်ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။ အဆိုပါ စီးပွားရေးတွေ့ဆုံပွဲကို ကုန်သည်စက်မှုအသင်းချုပ်က ဦးဆောင်၍ အမေရိကန်သံရုံးနှင့် American Chamber of Commerce Myanmar (AMCHAM) တို့၏အစီအစဉ်ဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။

**Source:**https://news-eleven.com/article/104276

## မြန်မာ-တရုတ် ကုန်စည်ချင်းဖလှယ် တင်ပို့သည့်စနစ် စတင်နိုင်တော့မည်

မြန်မာနှင့်တရုတ်(ယူနန်ပြည်နယ်) တို့အကြား ကုန်ပစ္စည်းဖလှယ်တင်ပို့သည့်စနစ် (ဘာတာစနစ်) စတင်ဆောင်ရွက် နိုင်တော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ဘာတာစနစ်ဖြင့် ကုန်သွယ်မှု ဆောင်ရွက်ရန် ဧပြီလ ၂၁ ရက်နေ့က နေပြည်တော်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြောင်းသိရသည်။ စီးပွားကူးသန်းမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက "နားလည်မှုစာချွန်လွှာအရ ဆက်လက်လုပ်ဆောင်ရမယ့် အပိုင်းတွေ ရှိနေသေးတယ်။ ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတာ ထပ်မံဆွေးနွေး လုပ်ဆောင်ရမှာပေါ့။ ဒီစနစ် အောင်မြင်လာရင် တခြားသော မြို့ကြီးတွေမှာလည်း ချိတ်ဆက်လုပ်လို့ရလာမယ်။ နယ်စပ်ကုန်သွယ်ရေးမှာလည်း တရားဝင်ဖြစ်လာမှ မြန်မာကုန်သည်တွေ အထိနာမှုကင်းလာမယ်။ ဒီအပိုင်းမှာ စီးပွားကူးသန်းဘက်ကလည်း လိုအပ်သလို ဆောင်ရွက်ပေးနေကြောင်း ပြောသည်။

**Source:** https://www.facebook.com/thefarmermedia/

## မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှုအတွက် တရုတ်ပြည်ဈေးကွက်ကို လက်လွတ်မခံသင့်ဟုဆို

မြန်မာ့ရေထွက်ပစ္စည်း ပြည်ပသို့ တင်ပို့မှုကဏ္ဍအတွက် တရုတ်နိုင်ငံသည် လက်လွတ်မခံသင့်သော ဈေးကွက်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ တရုတ်ပြည်က အခုသူ့နိုင်ငံမှာ မွေးရုံနဲ့ မလောက်တော့ဘူး။ သူ့ဈေးကွက်က အရမ်းကြီးမားပြီးတော့ သူ့ရဲ့ ပြည်သူတွေရဲ့ စားသုံးနိုင်မှုစွမ်းအားက မြင့်မားလာတဲ့အခါကျတော့ ငါးတွေ၊ ပုစွန်တွေ တအားစားတယ်။ အဲ့တော့ သူတို့ရဲ့ ထုတ်လုပ်မှုနဲ့ မလောက်တဲ့အခါကျတော့ သူတို့က ပြည်ပနိုင်ငံတွေကသွင်းပြီး စားရတဲ့အခါကျတော့ ကျွန်တော်တို့လို အိမ်နီးချင်းစရိတ်သက်သက်သာသာနဲ့ပို့နိုင်တဲ့ နိုင်ငံကတင်ပို့ခွင့်ရမယ်ဆိုရင် သူတို့အတွက်ရော ကျွန်တော်တို့အတွက်ရော အင်မတန်ကောင်းမွန်တဲ့အခွင့်အရေးပါ။ ဒီအခွင့်အရေးက ကျွန်တော်တို့ လက်လွတ်မခံသင့်ဘူးလို့ယုံကြည်တယ်ဟု ၎င်းကပြောသည်။

မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှုကဏ္ဍအနေဖြင့် တရုတ်ပြည်ကို ဈေးကွက်အရ ဦးတည်ချက်ထားနေရပြီး နည်းပညာပိုင်း အရလည်း အားကိုးရမည့် အခြေအနေရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကပြောသည်။ တရုတ်နိုင်ငံထဲမှာ ကျွန်တော်တို့ လိုချင်တဲ့နည်းပညာပေါ့။ တရုတ်ပြည်က အရမ်းတိုးတက်တဲ့ အခါကျတော့ ငါးပုစွန်မွေးမြူတဲ့ နည်းပညာက အရမ်းအဆင့်မြင့်တယ်။ ကျွန်တော်တို့ သွားပြီးတော့ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ မျှော်မှန်းထားတာထက်တောင် ပိုပြီးတော့ တိုးတက်တဲ့အခြေအနေရှိတယ်။ နောက်အဲ့ဒီနည်းပညာကို အထောက်အကူပြုမယ့် စက်ပစ္စည်းကိရိယာတွေ အများကြီးပဲ။ ဒီမွေးမြူရေးသုံးတဲ့ လုပ်ငန်းသုံးပစ္စည်းတွေ တရုတ်ပြည်က အဖြစ်မည်အောင် ထုတ်နိုင်တယ်။ နောက်အစာစက်တွေကို ခေတ်မီအောင်ထုတ်နိုင်တယ်။ နောက်အအေးခန်းစက်တွေလည်း ခေတ်မီအောင် ထုတ်နိုင်တဲ့အခါကျတော့ နည်းပညာပိုင်းလည်း ကျွန်တော်တို့က အတုယူရမယ့် သဘောရှိတယ် ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် ကပြောသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယ အကြီးဆုံး ရေထွက်ပစ္စည်းကုန်သွယ်ဘက်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံမှာ ပထမအကြီးဆုံး ကုန်သွယ်ဘက် နိုင်ငံဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပင်လယ်ငါး၊ ပုစွန်များ အဓိကတင်ပို့နေပြီး ငါးရှဥ့်၊ ဂဏန်းများအပြင် မွေးမြူရေး ငါးတန်များကိုပါ ထပ်တိုးတင်ပို့မှုရှိလာသည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

**Source:** http://www.mizzimaburmese.com/article/56472

## ဆန်တန်ချိန် တစ်သိန်းကို ဆက်လက်တင်ပို့ခွင့်ရရေးဆွေးနွေးခဲ့

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံ၊ ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းကို တရားဝင်ခွဲတမ်းဖြင့် ဆက်လက်တင်ပို့ခွင့်ရရေး ဆွေးနွေးခဲ့ကြောင်းသိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီ ၂၅ရက်က ပေကျင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ပြီးနောက် ပေကျင်းရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ဆွေးနွေးစဉ်အတွင်း နှစ်နိုင်ငံအကျိုးစီးပွားအတွက် အရှိန်မြင့်ဆောင်ရွက်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်း

ဆောင်ရွက်ရေး မူဘောင်အောက်မှ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည့်အပြင် မြန်မာနိုင်ငံက ဆန်တန်ချိန် တစ်သိန်းအား တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ခွဲတမ်းအား ဆက်လက်ပေးအပ်ရေးကိုလည်း ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ အနာဂတ်တွင် ပိုမိုဝယ်ယူပေးရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏတိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထားသည်။ ဆက်လက်၍ နှစ်နိုင်ငံခေါင်းဆောင်များသည် တရုတ်- မြန်မာစီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (၂၀၁၉- ၂၀၃၀ )ဆိုင်ရာနှင့်စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် (၅)နှစ်ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း အသီးသီး ရေးထိုးခဲ့သည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## စိန်တလုံး သရက်သီးဈေးကွက် သင်္ကြန်မတိုင်မီထက် ယွမ် ၃၀ ဂန်းကျင်ကျဆင်း

တရုတ်ဈေးကွက်သို့တင်ပို့သည့် စိန်တလုံးသရက်သီးဈေးကွက်တွင် သင်္ကြန်မတိုင်မီကရက်များက ပေါက်ဈေးထက် တရုတ်ငွေယွမ် ၃၀ ဂန်းကျင်ကျဆင်းကြောင်း မြန်မာသရက်သီးနည်းပညာနှင့် ဈေးကွက်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။ သင်္ကြန်မတိုင်ခင်က ပေါ်ဦးပေါ်ဖျားဈေးကောင်းခဲ့ပြီး နောက်ပိုင်းမှာ ဈေးကွက်အဂင်များ သွားလို့ ဈေးကျတယ်။ ရှေ့လျှောက် သရက်သီးတချို့ လေတိုက်မှုစိုးလို့ စောပြီးခူးတာတွေနဲ့ မမှည့်သေးတဲ့ အသီးတွေ ပါလာမှာစိုးတယ်ဟု ၄င်းကပြောသည်။ သင်္ကြန်မတိုင်မီက စိန်တလုံးသရက်တစ်ဖာလျင် ယွမ် ၁၇၀ ထိရှိခဲ့သော်လည်း ဧပြီ ၂၉ ရက်တွင် ယွမ် ၁၄၀ ဂန်းကျင်ပေါက်ဈေးရှိရာသရက်သီးအနုများကို တင်ပို့ခဲ့မှုများက ဈေးကွက်ထိခိုက်စေသဖြင့် စည်းကမ်းနှင့်အညီ ခူးဆွတ် တင်ပို့လျင် ယွမ် ၁၀၀ အထက်မှာရှိနေမည်ဟုသိရသည်။

အခါရက်မတိုင်ခင် သရက်အနုတွေနဲ့ဆင့်ပွားရိုက်စားကြတယ်။ စားမကောင်းသေးတဲ့အချိန်ပေါ့။ ဂျာအေး သူ့အမေ ရိုက်ရင်းနဲ့ သင်္ကြန်အပြီး ဈေးကွက်သဘောဂပဲ။ ပေါက်ဈေးအမှန်ကို အာရုံစိုက်သင့်တယ်။ ပြောရရင် သရက်က တရိပ်ရိပ် ဈေးကျနေတယ်ဟု ခွာညိုသရက်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။ လက်ရှိ မူဆယ် (၁၀၅) မိုင် စိန်တလုံး သရက်ဈေးကွက် အိတ်စွတ်(၁၆ ကီလို) ယွမ် ၁၀၀-၁၄၀ ကြားပေါက်ဈေးရှိပြီး အိတ်လွတ်မှာ ၄၀-၈၀ ယွမ်ရှိနေပြီး သရက်သီး အထွက်များတော့မည်ဖြစ်သကဲ့သို့ တင်ပို့သများလာခြင်းက ဈေးကွက်သဘောတရားအရ အကျဘက် ဦးတည်နေကြောင်း သရက်ကုန်သည်တချို့ထံမှ သိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## ဥရောပနိုင်ငံများသို့ သဘာဂ ငါး၊ ပုစွန်များ တင်ပို့ခွင့်ရရှိ

ဥရောပ သမဂ္ဂနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန် မွေးမြူရေးနှင့် သဘာဂ ငါး၊ပုစွန်များကို ယခု မေ ၁ ရက်မှ စတင်၍ တင်ပို့နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။ ယင်းသို့ တင်ပို့ခွင့်ရရှိနိုင်ရန်အတွက် ယခု ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်မတိုင်ခင်က ဥရောပနိုင်ငံများရှိ အမျိုးသား ဓာတ်ကြွင်းစောင့်ကြည့်မှု အစီအစဉ်သို့ မွေးမြူရေးငါး၊ ပုစွန်များ၏ ဒေတာအချက်အလက်များ၊ စက်ရုံများ၏ ဒေတာအချက်အလက်များ၊ မွေးမြူရေးနည်းစနစ်များကို တင်ပြခဲ့ပြီး ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၊ ရေသွင်းထိန်းသိမ်းရေးသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင် က ဧပြီ ၃၀ ရက်တွင် ပြောဆိုသည်။

လက်ရှိတွင် ဥရောပနိုင်ငံများသို့အဆိုပါ ရေထွက်ကုန်များ တင်ပို့ခွင့်ရရှိသည့် စက်ရုံပေါင်း ၁၇ ရုံရှိပြီး ယင်းသို့ တင်ပို့ခွင့်ရရှိသည့်စက်ရုံများကို အဆိုပါဌာန ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာပေးသွားမည်ဖြစ်ကြောင်း ဦးသက်နိုင်က ပြောဆိုသည်။ စနစ်က အကောင်အထည်ဖော်ပြီးသားဆိုတော့ အဆင်သင့်ရှိတယ်။ အဲဒီကို ငါးတင်ပို့ရဖို့ကခက်တယ်။ အာရှမှာတောင် တင်ပို့ခွင့်ရတဲ့နိုင်ငံက နည်းနည်းပဲရှိတယ်ဟု ၎င်းကပြောဆိုသည်။ အဆိုပါ ဥရောပနိုင်ငံများသို့ ငါး၊ ပုစွန် အမျိုးအစားပေါင်း ၁၀ မျိုးကို တင်ပို့မည်ဖြစ်ပြီး အမျိုးသားဓာတ်ကြွင်း စောင့်ကြည့်မှုအစီအစဉ်ထဲတွင် ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဂတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ငါးမွေးမြူရေးစခန်း ၂၇ ခု အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငါးမွေးမြူရေးစခန်းပေါင်း ၃၂ ခု ရှိကြောင်း ၎င်းကပြောဆိုသည်။

ထိုနိုင်ငံများသို့ ငါးတင်ပို့မှုအတွက်ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လာရောက်စစ်ဆေးထားပြီးဖြစ်ကာ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွ၊ ရွှေဝါ၊ ငါးတန်၊ ငါးခုံးမကြီး၊ တီလားဗီးယား၊ ရေချိုငါးခုနစ်မျိုး၊ တိုက်ဂါးပုစွန်ကြား (ရေငန်)၊ ပနားမီး၊ ပုစွန်ဖြူ၊ ကဏန်းပျော့တို့ကို တင်ပို့မည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့ပြည်ပပို့ကုန် ကဏ္ဍတွင် လယ်ယာထွက်ကုန်ပြီးပါက ရေထွက်ကုန်ကဏ္ဍသည် ဒုတိယဦးစားပေးပို့ကုန်ဖြစ်၍ ရေချို၊ ရေငန်ငါးနှင့် ပုစွန်မွေးမြူရေး လုပ်ငန်းများတွင် လူဦးရေ ၃ ဒသမ ၅သန်းကျော် ဖင်ရောက်လုပ်ကိုင်နေခြင်းကြောင့် အဆိုပါကဏ္ဍဖွံ့ဖြိုးစေရေး လုပ်ဆောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်ပဝင်ငွေ တိုးတက်လာစေမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောဆိုသည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၂၀ ကျော် ရရှိခဲ့ပြီး ယမန်နှစ်ကထက် သန်း ၁၂၀ ခန့်ပိုမိုခဲ့ကာ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/

## ဖရဲရာသီကုန်ချိန်နီးသော်လည်း တရုတ်နိုင်ငံသို့ နေ့စဉ် ဖရဲတန်ချိန် သုံးထောင်ကျော်တင်သွင်းနေရ

မြန်မာနိုင်ငံမှထွက်ရှိသော ဖရဲများကို ပြည်ပနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချလျက်ရှိရာတွင် လက်ရှိအချိန်သည် ဖရဲရာသီ ကုန်ချိန်နီးနေပြီဖြစ်သော်လည်း တရုတ်နိုင်ငံသို့ နေ့စဉ်ဖရဲတန်ချိန် သုံးထောင်ကျော် တင်သွင်းနေရကြောင်း မြန်မာနိုင်ငံ ဖရဲသခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့ (ရန်ကုန်) မှသိရသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ ဖရဲထွက်ရှိမှုနည်းပါးခြင်းနှင့် မြန်မာနိုင်ငံတွင်လည်း ဖရဲထွက်ရှိသည့် ရာသီကုန်ချိန်နီးပြီးဖြစ်သော်လည်း နေ့စဉ်တန်ချိန် သုံးထောင်ကျော်တင်ပို့နိုင်ပြီး ဈေးနှုန်းမှာလည်း ယခုနှစ် အစောပိုင်းတွင် တစ်တန်လျှင် တရုတ်ငွေယွမ် ၃ သောင်းသာရရှိခဲ့ပြီး လက်ရှိအချိန်တွင် တရုတ်ငွေယွမ် ၅ သောင်းခွဲရရှိကြောင်းသိရသည်။

ဒီနှစ်အစောပိုင်းကဆိုရင် ၁၇ တန်ပါတဲ့ကားကို အစီးရေ ၅၀၀ ကနေ ၇၀၀ လောက်ထိကိုတင်ပို့ခဲ့ ရတယ်။ အဲဒီတုန်းက ဈေးကတော့ နည်းတာပေါ့။ ခုတော့ ဒီမှာက အသီးတုံးချိန်က ရောက်လာပြီလေ။ ဒါပေမယ့် နေ့စဉ် အစီး ၂၀၀ လောက်တော့ တင်ပို့နေရတယ်။ ဈေးကတော့ ပြောလောက်အောင်ကို ကောင်းသွားတယ်ဗျာဟု မြန်မာနိုင်ငံ ဖရဲသခွား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောပြသည်။ မြန်မာနိုင်ငံတွင် ဖရဲသခွားမွေးသည် နှစ်စဉ် ပြည်ပတင်ပို့နိုင်မှုတန်ချိန် အများဆုံးနှင့် နိုင်ငံခြားဝင်ငွေ အများဆုံးရရှိသော သစ်သီးဝလံ တစ်ခုဖြစ်ပြီး ၊ နိုင်ငံခြား တင်ပို့မှုတွင် တရုတ်နိုင်ငံသည် အဓိက ဈေးကွက်တစ်ခုဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံကဲ့ အခြားနိုင်ငံများတွင်လည်း တင်ပို့နိုင်ရေး ကြိုးပမ်းလျှက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားဝင်ငွေရရှိစေရန် ပြည်ပသို့ သစ်သီးဝလံများ တင်ပို့ရောင်းချရာတွင် ဖရဲသီး၊ သရက်သီး၊ သခွားမွေး၊ စပျစ်သီး၊ ဇီးသီး၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ နာနတ်သီး၊ သဘော်သီး၊ ခရမ်းချဉ်သီး၊ ပန်းသီး၊ ထောပတ်သီး၊ သံပုရာသီး၊ မျောက်ငိုသီး၊ အုန်းသီး၊ နန်းမြားသီး၊ ရွှေရုံသီး၊ တစ်ရှူး ငှက်ပျော၊ သစ်ကြားသီးစသည့် သစ်သီးများ ပြည်ပသို့တင်ပို့ ရောင်းချလျက်ရှိပြီး နှစ်စဉ်ဖရဲနှင့်သခွား တင်ပို့ရောင်းချသောနိုင်ငံများမှာ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ မလေးရှား၊ ဂျပန်စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာတွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုမှာ အများဆုံး ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/



## ကွမ်းပင်မှထွက်ရှိသော ကွမ်းလက်များဖြင့်ထုတ်လုပ်သည့် တစ်ခါသုံး လူသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်း ဝယ်ယူသုံးစွဲမှုများပြားနေ

မန္တလေးမြို့တွင် သဘာဝကွမ်းပင်မှ ထွက်ရှိလာသည့် ကွမ်းအလက်များဖြင့် ထုတ်လုပ်ထားသော ပန်းကန်ပြား၊ ပန်းကန်လုံး၊ လင်ပန်း၊ ဇလုံစသည့် တစ်ခါသုံး လူသုံးကုန်ပစ္စည်းများအား ဈေးကွက်အတွင်း ကြိုက်နှစ်သက်စွာ ဝယ်ယူသုံးစွဲသူ ပိုမိုများပြားနေကြောင်း အဆိုပါ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သူနေသူ

ဦးကျော်မိုးက ပြောပြသည်။ ပြည်သူများ ဓာတုကင်းစင်၍ အဆိပ် အတောက်မပါသော လူသုံးကုန်ပစ္စည်းများကို သုံးစွဲခြင်းဖြင့် ကျန်းမာ ရေးနှင့်ညီညွတ်ကာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလာစေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်မှ စတင်၍ စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ဈေးကွက်သို့ စတင်ဖြန့်ချိခဲ့ခြင်းဖြစ်သည်ဟု ဦးကျော်မိုးက ဆိုသည်။ တစ်ခါသုံးပစ္စည်းတွေကြောင့် ပြည်သူတွေ ရောဂါအန္တရာယ်တွေ ခံစားနေရတာများနေတယ်။ ဒါ့အပြင် ဖော့ဗူးတွေ ပလတ်စတစ်တွေကြောင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုတွေရှိတယ်။ ဒါကြောင့် ကွမ်းပင်က ကြွေကျလာတဲ့ ဓာတုကင်းစင်တဲ့ ကွမ်းအလက်ကနေ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ပြီး ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဖို့ရည်ရွယ်ပြီး အခုလို ထုတ်လုပ်ဖြန့်ချိတာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ပစ္စည်းတွေ က ၁၄၀ ဒီဂရီစင်တီဂရိတ်အထိ ပူဒဏ်ခံနိုင်ပြီး တစ်ကြိမ်မက ၁၀ ကြိမ် အထိ အသုံးခံနိုင်တဲ့အပြင် အသုံးပြုပြီး စွန့်ပစ်လိုက်ရင်လည်း ၃ ရက်လောက်နဲ့ မြေသြဇာပြန်ဖြစ် သွားတယ်။ လက်ရှိပြည်တွင်းဈေးကွက်မှာ ထုတ်လုပ်မှုထက် ဝယ်လိုအားပိုကောင်းနေပါတယ်ဟု ၄င်းကပြောသည်။ လက်ရှိတွင် ကွမ်းပင်မှထွက်ရှိသည့် ကွမ်းအလက်မှ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဇွန်း၊ လင်ပန်း၊ ဇလုံ၊ စသည့် လူသုံးကုန် ပစ္စည်းအမျိုးအစားပေါင်း ၁၆ မျိုးတို့ကို အများဝယ်ယူ သုံးစွဲနိုင်ရန် ပန်းကန်ပြား တစ်ချပ်လျှင် ၁၀၀ ကျပ်နှုန်း၊ ဇွန်းတစ်ချောင်းလျှင် ၁၅ ကျပ်နှုန်းဖြင့် ပြည်တွင်းဈေးကွက်တွင် ဖြန့်ချိ ရောင်းချပေးလျက်ရှိပြီး ပြည်ပဈေးကွက်အဖြစ် စင်ကာပူနိုင်ငံသို့လည်း ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ တင်ပို့ရောင်းချ နေကြောင်းနှင့် အဆိုပါပစ္စည်းများထုတ်လုပ်မှု အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဓာတုကင်းစင်ကြောင်း ဓာတ်ခွဲ စမ်းသပ်စစ်ဆေးမှုများလည်း ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## STOCK EXCHANGE (2.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 33 | 293,900 | 27,112,747 | 241,303 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 3,559 | 10,499,050 | 38,929,150 | 114,841 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 2,000 | 14,200,000 | 10,400,986 | 73,847 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 13 | 279,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 5 | 14,000 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.94 | +1.43 | +0.38% | 378.94 | 378.94 | 378.94 | 5,610 | 25,286,450 | 5 | 517,336 |


**Index chart**



## Market Overview

As of 1:00 pm, 2nd May. 2019

| MYANPIX | 378.94 ▲ 1.43 |
|---|---|
| Total Volume (shares) | 5,610 |
| Total Value (MMK) | 25 mil |
| Listed Company | 5 |
| Market Cap. (MMK) | 517,336 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR